# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၆။)

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်

(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥပဒေပုဒ်မ၁၆၊ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် –

“(ခ) ပုဒ်မခွဲ (က)အရ တင်သွင်းသည့် တင်သွင်းလွှာတွင်အဆုံးအဖြတ်ပေးစေလိုသည့်အချက်မှာ အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် ဆုံးဖြတ်ချက် သို့မဟုတ် သဘောထားရယူရန်ဖြစ်သည်ကို ရှင်းလင်းစွာ ဖော်ပြရမည်။”

၃ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၇၏နောက်တွင် ပုဒ်မ ၁၇–က နှင့် ပုဒ်မ ၁၇–ခ တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် –

“၁၇–က ။ (၁) ပုဒ်မ ၁၃ နှင့် ၁၄ ပါ ပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများသည် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှာဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိစိစစ်၍ သဘောထားရယူရန် လိုအပ်သည်ဟုထင်မြင်ယူဆလျှင် စိစစ်ပြန်ကြားစေလိုသော အချက်ကိုဖော်ပြ၍ ခုံရုံးသို့ တင်သွင်းစိစစ်စေနိုင်သည်။

(၂) တင်သွင်းလွှာတွင် ကိုးကားသည့် အထောက်အထား၊ စာရွက်စာတမ်းများပြည့်စုံစွာပူးတွဲပါရှိစေရမည်။

(၃) ခုံရုံးသည်ပုဒ်မခွဲ (၁)အရ တင်သွင်းလာသောကိစ္စရပ်ကို စိစစ်ရာတွင်လိုအပ်ပါကသက်ဆိုင်ရာ လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ မှတ်တမ်းများ၊ ဥပဒေကြမ်းအပေါ် သက်ဆိုင်ရာလွှတ်တော်များတွင်ဆွေးနွေးခဲ့သော ဆွေးနွေးချက်များပါဝင်သည့်လွှတ်တော်မှတ်တမ်းများကို ပြည်ထောင်စု လွှတ်တော်နာယက၊ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌများမှတစ်ဆင့် တောင်းခေါ် ကြည့်ရှုနိုင်သည်။

၁၇–ခ။ (၁) ပုဒ်မ ၁၃ နှင့် ၁၄ ပါပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ဆောင်ရွက်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိစိစစ်၍ သဘောထားရယူရန် လိုအပ်သည်ဟုထင်မြင်ယူဆလျှင် စိစစ်ပြန်ကြားစေလိုသောအချက်ကိုဖော်ပြ၍ ခုံရုံးသို့ တင်သွင်းစိစစ်စေနိုင်သည်။

(၂) ခုံရုံးသည် ပုဒ်မခွဲ (၁) အရ တင်သွင်းလွှာကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ အာဏာပိုင်အား ယင်း၏ ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ စာဖြင့် ရှင်းလင်းတင်ပြခွင့်ပေးရမည်။”

၄။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံး ဥပဒေအခန်း (၅)၏ ခေါင်းစဉ်ကို အောက်ပါ အတိုင်း အစားထိုးရမည်–

"တင်သွင်းလွှာကို စိစစ်ခြင်း၊ ကြားနာခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊သဘောထားပြန်ကြားခြင်း၊ ဆုံးဖြတ်ခြင်း"

၅ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၈ ကိုအောက်ပါအတိုင်းအစားထိုးရမည် –

"၁၈ ။ ဥက္ကဋ္ဌသည် ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၇–က သို့မဟုတ်ပုဒ်မ၁၇–ခအရတင်သွင်းသော တင်သွင်းလွှာ ပြည့်စုံမှုရှိ မရှိစိစစ်တင်ပြရန် နိုင်ငံတော်သမ္မတက ရွေးချယ်သည့်အဖွဲ့ဝင်များအနက်မှတစ်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရွေးချယ်သည့်အဖွဲ့ဝင်များအနက်မှ တစ်ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရွေးချယ်သည့် အဖွဲ့ဝင်များအနက်မှ တစ်ဦးတို့ ပါဝင်သော တင်သွင်းလွှာ စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။"

၆။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၉ ၌ပါရှိသော "စိစစ်ရေးအဖွဲ့သည် တင်ပြချက်များနှင့်စပ်လျဉ်း၍" ဆိုသည့်စကားရပ်အစား "တင်သွင်းလွှာ စိစစ်ရေးအဖွဲ့သည် တင်သွင်းလွှာနှင့် စပ်လျဉ်း၍" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၉၊ပုဒ်မခွဲ (က)ကိုအောက်ပါ အတိုင်းအစားထိုးရမည်–

"(က) ပုဒ်မ ၁၂ ပါလုပ်ငန်းတာဝန်များအနက်မည်သည့်အချက်ကိုတင်သွင်းကြောင်းခွဲခြားစိစစ်ရမည်။ စပ်ဆိုင်သော အချက်အလက်များနှင့် ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းများ ရှင်းလင်းပြည့်စုံစွာ ပူးတွဲပါရှိခြင်းရှိမရှိစိစစ်ရမည်။ ယင်းသို့စိစစ်ရာတွင် ပြည့်စုံမှုမရှိကြောင်း တွေ့ရှိပါက လိုအပ်ချက်များကို သတ်မှတ်ချိန်အတွင်းတင်ပြစေရမည်။ သတ်မှတ်ချိန်အတွင်း ရှင်းလင်းပြည့်စုံစွာ တင်သွင်းခြင်းမပြုပါက တင်သွင်းလွှာကို ငြင်းပယ်နိုင်သည်။"

၈။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၉၊ပုဒ်မခွဲ (ခ)တွင် ပါရှိသော "ပြန်လည် ရှင်းလင်းရမည့်"ဆိုသည့် စကားရပ်နောက်၌ "သို့မဟုတ် တင်သွင်းလွှာနှင့် အကျိုးသက်ဆိုင်သော" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၉ ။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၂၁ ၏ပုဒ်မခွဲ (စ) ကို ပယ်ဖျက်ရမည်။

၁၀။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၂၂၏ ခေါင်းစဉ်ကိုအောက်ပါ အတိုင်းအစားထိုးရမည် –

"အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထားပြန်ကြားခြင်း၊ ဆုံးဖြတ်ခြင်း"

၁၁ ။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၂၂ကို အောက်ပါအတိုင်းအစားထိုးရမည်–

"၂၂။ ခုံရုံးသည် –

(က) ကြားနာပြီးနောက် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား၊ ဆုံးဖြတ်ချက်ကို ဆောလျင်စွာ ချမှတ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထား၊ ဆုံးဖြတ်ချက်ချမှတ်မည့်နေ့ကို ကြိုတင်ကြေညာရမည်။

(ဂ) ခုံရုံး၏ အမိန့်ပြဋ္ဌာန်းချက်များနှင့် သဘောထားကိုခုံရုံး၏ ထက်ဝက်ကျော် သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

(ဃ) ခုံရုံး၏ဆုံးဖြတ်ချက်ကို ဥက္ကဋ္ဌ ပါအဝင်အဖွဲ့ဝင် ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

(င) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရတင်သွင်းလွှာများ အတွက် ခုံရုံး၏ အမိန့်ပြဋ္ဌာန်းချက်အဖြစ် လည်းကောင်း၊ ပုဒ်မ၁၇–က နှင့်၁၇–ခ အရ တင်သွင်းလွှာများအတွက် သဘောထား အဖြစ်လည်းကောင်း၊ ပုဒ်မ၁၂၊ပုဒ်မခွဲ (ဃ)၊ (င)၊ (စ)နှင့် (ဆ)တို့အရ တင်သွင်းလွှာများ အတွက် ဆုံးဖြတ်ချက်အဖြစ်လည်း ကောင်း ချမှတ်ရာတွင်ခုံရုံး ကိုယ်စားဥက္ကဋ္ဌ လက်မှတ် ရေးထိုး၍ ဥက္ကဋ္ဌ ဖြစ်စေ၊ ဥက္ကဋ္ဌ၏တာဝန်ပေးချက်အရ အဖွဲ့ဝင် တစ်ဦးဦးကဖြစ်စေ အများပြည်သူရှေ့မှောက်တွင် ဖတ်ကြားရမည်။”

၁၂ ။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥပဒေပုဒ်မ ၁၅၊ပုဒ်မ ၁၉၊ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၂၀နှင့် ပုဒ်မ ၂၁ တို့တွင် ပါရှိသော “တင်ပြချက်” ဆိုသည့်စကားရပ်ကို “တင်သွင်းလွှာ” ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၃။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥပဒေပုဒ်မ ၂၄ကိုအောက်ပါအတိုင်း အစားထိုးရမည် –

“၂၄။ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။”

၁၄ ။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၃၅ တွင်ပါရှိသော “ဆုံးဖြတ်ချက်များ” ဆိုသည့်စကားရပ်၏နောက်၌ “အမိန့်ပြဋ္ဌာန်းချက်များနှင့် သဘောထားများ” ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၅ ။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ ပုဒ်မ ၃၇၏ နောက်တွင် ပုဒ်မ ၃၇–က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

“၃၇–က။ ခုံရုံးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် တရားမကျင့်ထုံး ဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေပါ ပြဋ္ဌာန်းချက်များမှ စပ်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်သည်။”